



MEB Virtual eBank Online Service - Windows Internet Explorer
https://ebank.meb.com.mm/vterminal_beta/
Favorites
MEB Virtual eBank Online Service
MEB - Virtual Bank Online Terminal
eMoney Account Sign In
Click here to sign in
MEB
My e Bank
မြန်မာ့စီးပွားရေးဘဏ်
ကျွန်ုပ်၏ e ဘဏ်
M.E.B Virtual Bank Online Service, 2011. All rights reserved.
www.mebank.com.mm
Powered By Geocomp ASP
www.geocomp-myanmar.net.mm
Done
Trusted sites
100%

# Virtual Online Terminal တွင် ငွေလွှဲပြောင်းခြင်း


စတင်အသုံးပြုရာတွင် Desktop ပေါ်မှ Internet Explorer icon ကိုနှိပ်ကာ Address Bar ထဲတွင် https://ebank.meb.com.mm ကိုရိုက်သွင်းလိုက်ပါက **MEB Virtual Bank Online Terminal** ကိုမြင်ရပါမည်။ ငွေစာရင်းပိုင်ရှင်သည် မိမိ၏ Online Account Smart Card ကို System Unit တွင် Card Reader ဖြင့် ပုံပါအတိုင်း တပ်ဆင် အသုံးပြုရပါမည်။




Click Here To Sign In ကိုနှိပ်ပြီး မိမိ Card ID ကိုရွေးချယ်ကာ OK button ကိုနှိပ်ပါက မိမိ၏ Card Password ကိုရိုက်ပေးခြင်းဖြင့် Application ထဲသို့ဝင်ရောက်ရပါမည်။ Card မတပ်ဆင်ထားပါက Sign In တွင် မိမိ ID ကိုမြင်ရမည်မဟုတ်သည့် အပြင် Application ထဲသို့ဝင်ရောက် နိုင်မည် မဟုတ်ပါ။

**View My Account** သို့မဟုတ် ရှေ့ဆုံး Page တွင် ၄င်း၏ စာရင်းနံပါတ်များနှင့် ငွေလက်ကျန်များကို ဖော်ပြပေးထားပါသည်။ ဘဏ်ဖွင့်ချိန်ကျော်လွန်နေပါက Online Account ၏ အချက်အလက်များ ဖော်ပြပေးမည်မဟုတ်ပါ။



Online Account (OLA) ပိုင်ရှင်တစ်ယောက်သည် မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်ခွဲတစ်ခုတွင် Online Account တစ်ခု ဖွင့်ပြီးပါက eMoney Account တစ်ခုကိုပါရရှိမည်ဖြစ်ပါသည်။ သို့ရာတွင် ငွေသားဖြင့် ငွေသွင်း၊ ငွေထုတ် ပြုလုပ်လိုပါက Online Account ၏ ငွေလက်ကျန်ပေါ်တွင်မူတည် ၍ သာပြုလုပ်နိုင်ပါသည်။

eMoney Account(OEM) သည် မြန်မာ့စီးပွားရေးဘဏ်၏ Central Bank သို့မဟုတ် Virtual Internet Bank တွင်တည်ရှိခြင်းဖြစ်သည်။ eMoney Account သို့ငွေထည့်လိုပါက Online Account ၏ ငွေလက်ကျန် မှ ဘဏ်ဖွင့်ချိန်အတွင်း လွှဲပြောင်းခြင်းပြုလုပ်နိုင်ပါသည်။

eMoney Account ပိုင်ရှင် အချင်းချင်း ငွေပေးချေမှုများကို eMoney Account တွင်ရှိသော ငွေလက်ကျန်ပေါ် မူတည် ၍ Internet ပေါ်တွင် 24/7 ငွေလွှဲပြောင်းခြင်းများပြုလုပ်နိုင်ပါသည်။


eMoney Account(OEM) ပိုင်ရှင်တစ်ယောက်သည် မြန်မာ့စီးပွားရေးဘဏ်၏ Online Collection Service များ၏ Agent တစ်ယောက်ဖြစ်ပါက eService သို့မဟုတ် Agent's Security Account (ES) တစ်ခုကိုထပ်မံရရှိမည်ဖြစ်ပါသည်။ eService Account သည် Collection Site များတွင် ငွေကောက်ခံရန်အတွက် လည်ပတ်နေသော ငွေစာရင်းနံပါတ်တစ်ခုဖြစ်ပါသည်။

eService Account သို့ငွေထည့်လိုပါက eMoney Account တွင်ရှိသော ငွေလက်ကျန်ပေါ် မူတည် ၍ Internet ပေါ်တွင် 24/7 ငွေလွှဲပြောင်းခြင်းများပြုလုပ်နိုင်ပါသည်။

**Virtual Online Terminal** ပြုလုပ်နိုင်သည့် ငွေလွှဲပြောင်းခြင်းများ _

- Transfer from OLA to OEM = Online Account မှ eMoney Acocunt သို့ ငွေလွှဲပြောင်းခြင်း။
- Transfer from OEM to OLA = eMoney Account မှ Online Account သို့ ငွေလွှဲပြောင်းခြင်း။
- eMoney Deposit from Agent= eMoney Account မှ eService's Collection Site သို့ ငွေလွှဲပြောင်းခြင်း။ (MEB Agents များသာလျှင်)
- Transfer To Other's OEM = eMoney Account တစ်ခုမှ တစ်ခုသို့ ငွေလွှဲပြောင်းခြင်း။


## Transfer from OLA to OEM ( Online Account မှ eMoney Acocunt သို့ ငွေလွှဲပြောင်းခြင်း။ )





လွှဲပြောင်းလိုသည့် ငွေကို Amount တွင်ရိုက်သွင်းပြီးလျှင် enter key(or) tab key တစ်ချက်ခေါက်လိုက်ပါက ငွေကို မြန်မာလိုဖော်ပြပေးပါမည်။ မှားယွင်းစွာ ရိုက်သွင်းမိပါက ငွေကို ဖျက်ပြီး ပြန်လည်ရိုက်သွင်း နိုင်ပါသည်။ မှန်ကန်သည်ဟုယူဆပါ က "**Continue**" button ကိုနှိပ်၍ လက်မှတ်ထိုးမည့်နေရာသို့ ဆက်သွားရပါမည်။

ချလံပေါ်တွင် လွှဲပြောင်းလိုသည့် ငွေ နှင့် ဝန်ဆောင်ခများကို ဖော်ပြထားပါသည်။ ငွေနှင့် ဝန်ဆောင်ခ နှစ်ခုပေါင်းကို **OLA** စာရင်းမှနုတ်ပြီးလျှင် **OEM** စာရင်းထဲသို့ ငွေကိုထည့်ပေးသွားမည်ဖြစ်ပါသည်။

အချက်အလက်များ စစ်ဆေးပြီးနောက် ငွေလွှဲပြောင်းခြင်း ဆက်လက်မပြုလုပ်လိုပါကလည်း “View My Account” button ကိုနှိပ် ၍ ရှေ့ဆုံးသို့ ပြန်လည်ထွက်နိုင်ပါသည်။ ဆက်လက်လွှဲပြောင်းလိုပါက “Sign and Submit ” button ကိုနှိပ် ၍ ငွေလွှဲပြောင်း ခြင်းပြုလုပ်နိုင်ပါသည်။





Online ဘဏ်ခွဲမှ Internet Virtual ဘဏ်သို့ ငွေလွှဲပြောင်းနေစဉ်အတွင်း Internet Connection ပေါ်မူတည်နေပါသဖြင့် ငွေလွှဲပြောင်းနေစဉ်အတွင်း ခေတ္တစောင့်ရန်လိုအပ်ပါသည်။




ငွေလွှဲပြောင်းခြင်း ပြီးဆုံးပါက ငွေစာရင်းပိုင်ရှင်၏ အမည်၊ မှတ်ပုံတင်အမှတ် နှင့် လက်မှတ်ပေါ်လာပြီးလျှင် အောက်ဘက်တွင် Slip ကိုပါဖော်ပြပေးထားပါသည်။ ငွေလွှဲပြောင်းခြင်းကို မိမိ ရုံး သို့မဟုတ် အိမ်တွင် ပြုလုပ်ပါက ချလံတစ်ခုလုံးကို Print ထုပ်ယူနိုင်ပါသည်။


အကယ်၍ Bank Terminal တွင်ငွေလွှဲပြောင်းခြင်းသွားရောက် ပြုလုပ်ပါက Bank Terminal Slip printer မှ Slip အပိုင်း ထုတ်ပေးမည် ဖြစ်ပါသည်။ ငွေလွှဲပြောင်းခြင်းပြီးဆုံးသွားပါက “View My Account” button ကိုနှိပ်ပြီး ရှေ့ဆုံး Screen သို့ ပြန်လည်ထွက်နိုင်ပါသည်။




OL Account နှင့် EM Account တို့၏ငွေလက်ကျန်များကို စစ်ဆေးနိုင်ပါသည်။ Account No. တစ်ခုခြင်းစီကို Click လုပ်ပြီးလျှင် ၄င်း Account ၏ နောက်ဆုံးပြုလုပ်ခဲ့သော Transaction 15 ကြောင်းကို ဖော်ပြပေးပါသည်။

OL Account ၏ နောက်ဆုံးငွေလွှဲခဲ့သော Transaction 15 ကြောင်းကို ဖော်ပြပေးပါသည်။ OEM Account သို့ လွှဲပြောင်းခဲ့သော Transaction ၏ Reference No. Link ကို Click လုပ် ၍ ချလံကို ပြန်လည်ထုတ်ယူနိုင်ပါသည်။ Transaction Description ဖြင့် ငွေလွှဲပြုလုပ်ခဲ့သည့်အကြောင်းအရာကိုလည်းဖော်ပြပေးထားပါသည်။

eMoney Account ၏ နောက်ဆုံးငွေလွှဲလက်ခံရရှိခဲ့သော ငွေ အပါအဝင် Transaction 15 ကြောင်းကို ဖော်ပြပေးပါသည်။ OL Account မှလွှဲပြောင်းခဲ့သော Transaction ၏ Reference No. Link ကို Click လုပ် ၍ ချလံကို ပြန်လည် ထုတ်ယူနိုင်ပါသည်။





## Transfer from OEM to OLA (eMoney Account မှ Online Account သို့ ငွေလွှဲပြောင်းခြင်း။)

Online Account မှ ငွေအား မိမိ၏ဘဏ် တွင် ငွေသားဖြင့်ပြန်လည်ထုတ်ယူလိုပါက eMoney Account မှ ပြန်လည်လွှဲပြောင်း ရပါမည်။ လွှဲပြောင်းလိုသည့် ငွေကို ရိုက်သွင်းကာ ပထမနည်းအတိုင်း ဆက်လက်လွှဲပြောင်း ရမည် ဖြစ်ပါသည်။ OEM မှ OLA သို့ ငွေလွှဲပြောင်းသည့်အခါ ဝန်ဆောင်ခ အားထည့်သွင်းနုတ်သွားမည်မဟုတ်ပါ။


## Transfer to Other's OEM (eMoney Account တစ်ခုမှ တစ်ခုသို့ ငွေလွှဲပြောင်းခြင်း။)

eMoney Account အချင်းချင်း ငွေပေးချေမှုများကို Virtual Bank ပေါ်တွင် 24/7 ငွေလွှဲပြောင်းခြင်းများ ပြုလုပ်နိုင်ပါသည်။ လွှဲပြောင်းပေးလိုသည့် Account ၏ ဘဏ်၊ နံပါတ် နှင့် ငွေ ကိုရိုက်သွင်းက ပထမနည်းအတိုင်း ဆက်လက်လွှဲပြောင်းရမည် ဖြစ်ပါသည်။

လွှဲပြောင်းသည့်အခါ လွှဲပြောင်းပေးလိုသည့်စာရင်း အမှတ်ကို အရင်ဆုံး စာရင်းပြုစုထားရပါမည်။ ထိုမှသာလျှင် ငွေလွှဲပြောင်းသည့်အခါ စာရင်းပြုစုထားသည့်စာရင်းအမှတ်ကို ရွေးပေးရုံဖြင့် လွှဲပြောင်းပေးနိုင်ပါသည်။ စာရင်းပြုစုလိုသည့်အခါ **"Add Sub Account"** Button ကိုနှိပ်ရပါမည်။ ယခင် စာရင်းများရှိပါကဖော်ပြပေးထားပြီး စာရင်းအသစ်သွင်းလိုပါက "Add" Button ကို နှိပ်ပြီးစာရင်းသွင်းရပါမည်။





Sub Account No. တွင်မိမိ လွှဲပြောင်းပေးလိုသည့်စာရင်း အမှတ်ကိုရိုက်သွင်းပြီး Keyboard မှ Tab key ကိုနှိပ်လိုက်ပါ။ ရှာမတွေ့ပါက ရှာမတွေ့သည့် Error ပေါ်လာပါမည်။ စာရင်းအမှတ်ရှာတွေ့ပါ Account Name တွင်အမည်ပေါ်လာပါမည်။ မိမိသတ်မှတ်ထားသည့် အမည်အတိုကို ရိုက်ရပါမည်။ eMail ရှိပါက eMail ရိုက်ထည့်ပါ မရှိပါက ချန်ထားနိုင်ပါသည်။ ရိုက်ထည့်ထားပေးပါက ငွေလွှဲပြောင်းသည့်အခါ ထိုငွေစာရင်းပိုင်ရှင်၏ eMail သို့ ငွေရောက်ရှိကြောင်းပေးပို့သွားပါမည်။ Phone ရှိပါက Phone ရိုက်ထည့်ပါ မရှိပါက ချန်ထားနိုင်ပါသည်။ ရိုက်ထည့်ထားပေးပါက ငွေလွှဲပြောင်းသည့်အခါ ထိုငွေစာရင်းပိုင်ရှင်၏ Phone သို့ ငွေရောက်ရှိကြောင်း SMS ပေးပို့သွားပါမည်။ အချက်အလက်များကို စစ်ဆေးပြီးပါက "Save" Button ကိုနှိပ်ပါက ငွေစာရင်းအမှတ်များကိုတွေ့ရပါမည်။





| | Sub Account No | Account Name | Short Name | eMail | Phone No. | Edit/Delete |
|---|---|---|---|---|---|---|
| 8 | 09010105EM000292 | TEST_CARD_MDY(1)01 | TEST | | | Edit/ Delete |
| 10 | 99999905EM000087 | TEST_CARD_08(99) | TEST | testcard99@gmail.com | 095007545 | Edit/ Delete |
| 12 | 12100105EM000515 | THEIN HTUT,U | THEIN | | | Edit/ Delete |
| 19 | 12100105EM000512 | BANK(2) AGENT | AGENT | agent@gmail.com | 098628971 | Edit/ Delete |
| 20 | 99999905EM000076 | TEST_CARD_07(99) | AUNG | ubaaung@gmail.com | 095001000 | Edit/ Delete |


"View My Account" button ကိုနှိပ်ပြီး ရှေ့ဆုံး Screen သို့ပြန်လည်ထွက်နိုင်ပါသည်။ **Transfer to Other's OEM** ကိုနှိပ်ပါ။ To Account နေရာတွင် မိမိ ငွေလွှဲပြောင်းသည့် ငွေစာရင်းအမှတ်ကို ရွေးပါ။ ငွေစာရင်းအမှတ်ကိုရွေးလိုက်ပါက ၎င်း၏ အချက်အလက်များပေါ်လာပါမည်။ eMail နှင့် Phone No. ကိုဖျက်လိုပါက ဖျက်နိုင်ပါသည်။ ပေးပို့ရန်အချက်အလက်များစစ်ဆေးပြီးပါက ငွေပမာဏကိုရိုက်သွင်းပြီးလျှင် Keyboard မှ Tab key ကိုနှိပ်လိုက်ပါက ငွေပမာဏကို စာသားဖြင့်ဖော်ပြပေးထားပါသည်။




ပြီးလျှင် မည်သည့်အကြောင်းဖြင့် ငွေလွှဲပို့သည့်အချက်ကို ရိုက်ထည့်ရပါမည်။ ရိုက်ထည့်မည့် အချက်အလက် စာတိုများကို Remark တွင် ကြိုတင်ထည့်သွင်းပေးထားပါသည်။ မိမိနှစ်သက်ရာ Remark များကိုထပ်ထည့်လိုပါက "Add" link ကိုနှိပ်လိုက်ပါက New Remark Box ပေါ်လာပါက ရိုက်ထည့်ပြီး "Save" ကိုနှိပ်ပါ။ Remark တွင်ရွေးပြီး ထပ်ဖြည့်လို သည့်အချက်အလက်ကို ဆက်လက်ရိုက်သွင်းပါ။ အချက်အလက်များစစ်ဆေးပြီးပါက "**Continue**" button ကိုနှိပ်၍ လက်မှတ်ထိုးမည့်နေရာသို့ ဆက်သွားရပါမည်။



ချလံပေါ်တွင် လွှဲပြောင်းလိုသည့် ငွေ နှင့် ဝန်ဆောင်ခများကို ဖော်ပြထားပါသည်။ ငွေလွှဲပို့ပေးမည့် ငွေစာရင်းအမှတ်နှင့် မိမိ၏ငွေစာရင်းအမှတ်သည် ပြည်နယ်/တိုင်း မတူပါက ဝန်ဆောင်ခတွင် ငွေလွှဲခကို မြန်မာ့စီးပွားရေးဘဏ်၏ ငွေလွှဲခနှုန်းအတိုင်း ထည့်တွက်သွားမည်ဖြစ်သည်။ ငွေလွှဲအချက်အလက်များ စစ်ဆေးပြီးနောက် ငွေလွှဲပြောင်းခြင်း ဆက်လက်မပြုလုပ်လိုပါကလည်း "**View My Account**" button ကိုနှိပ် ၍ ရှေ့ဆုံးသို့ ပြန်လည်ထွက်နိုင်ပါသည်။ ဆက်လက်လွှဲပြောင်းလိုပါက "**Sign and Submit** " button ကိုနှိပ် ၍ ငွေလွှဲပြောင်း ခြင်းပြုလုပ်နိုင်ပါသည်။




ငွေလွှဲပြောင်းခြင်း ပြီးဆုံးပါက ငွေစာရင်းပိုင်ရှင်၏ အမည်၊ မှတ်ပုံတင်အမှတ် နှင့် လက်မှတ်ပေါ်လာပြီးလျှင် အောက်ဘက်တွင် Slip ကိုပါဖော်ပြပေးထားပါသည်။ ငွေလွှဲပြောင်းခြင်းကို မိမိ ရုံး သို့မဟုတ် အိမ်တွင် ပြုလုပ်ပါက ချလံတစ်ခုလုံးကို Print ထုပ်ယူနိုင်ပါသည်။ အကယ်၍ Bank Terminal တွင်ငွေလွှဲပြောင်းခြင်းသွားရောက် ပြုလုပ်ပါက Bank Terminal Slip printer မှ Slip အပိုင်း ထုတ်ပေးမည် ဖြစ်ပါသည်။ ငွေလွှဲပြောင်းခြင်းပြီးဆုံးသွားပါက "View My Account" button ကိုနှိပ်ပြီး ရှေ့ဆုံး Screen သို့ပြန်လည်ထွက်နိုင်ပါသည်။

eMoney Account ၏ နောက်ဆုံးငွေလွှဲလက်ခံရရှိခဲ့သော ငွေ အပါအဝင် Transaction 15 ကြောင်းကို ဖော်ပြပေးပါသည်။ OEM Account မှလွှဲပြောင်းခဲ့သော Transaction ၏ Reference No. Link ကို Click လုပ် ၍ ချလံကို ပြန်လည် ထုတ်ယူနိုင်ပါသည်။

**eMoney Deposit from Agent** (eMoney Account မှ eService's Collection Site သို့ ငွေလွှဲပြောင်းခြင်း။)

ငွေစာရင်းပိုင်းရှင်သည် မြန်မာ့စီးပွားရေးဘဏ်၏ Agent တစ်ယောက်ဖြစ်ပါက ငွေကောက်ခံမည့် Collection Site များသို့ ငွေလွှဲပို့ရန်ဖြစ်သည်။ ငွေကောက်ခံသည့် Collection Site သို့ ငွေလွှဲပို့ရာတွင် မည်သည့် Site နှင့် မည်သည့် Service အတွက်ဆိုသည်ကို ရွေးချယ်ပေးရပါမည်။

လွှဲပြောင်းလိုသည့် ငွေကို Amount တွင်ရိုက်သွင်းပြီးလျှင် enter key(or) tab key တစ်ချက်ခေါက်လိုက်ပါက ငွေကို မြန်မာလိုဖော်ပြပေးပါမည်။ မှားယွင်းစွာ ရိုက်သွင်းမိပါက ငွေကို ဖျက်ပြီး ပြန်လည်ရိုက်သွင်း နိုင်ပါသည်။ မှန်ကန်သည်ဟုယူဆပါ က "**Continue**" button ကိုနှိပ်၍ လက်မှတ်ထိုးမည့်နေရာသို့ ဆက်သွားရပါမည်။

ချလံပေါ်တွင် လွှဲပြောင်းလိုသည့် ငွေ နှင့် ဝန်ဆောင်ခများကို ဖော်ပြထားပါသည်။ အချက်အလက်များ စစ်ဆေးပြီးနောက် ငွေလွှဲပြောင်းခြင်း ဆက်လက်မပြုလုပ်လိုပါကလည်း "**View My Account**" button ကိုနှိပ် ၍ ရှေ့ဆုံးသို့ ပြန်လည်ထွက်နိုင်ပါသည်။ ဆက်လက်လွှဲပြောင်းလိုပါက "**Sign and Submit** " button ကိုနှိပ် ၍ ငွေလွှဲပြောင်း ခြင်းပြုလုပ်နိုင်ပါသည်။

ငွေလွှဲပြောင်းခြင်း ပြီးဆုံးပါက ငွေစာရင်းပိုင်ရှင်၏ အမည်၊ မှတ်ပုံတင်အမှတ် နှင့် လက်မှတ်ပေါ်လာပြီးလျှင် အောက်ဘက်တွင် Slip ကိုပါဖော်ပြပေးထားပါသည်။ ငွေလွှဲပြောင်းခြင်းကို မိမိ ရုံး သို့မဟုတ် အိမ်တွင် ပြုလုပ်ပါက ချလံတစ်ခုလုံးကို Print ထုပ်ယူနိုင်ပါသည်။ အကယ်၍ Bank Terminal တွင်ငွေလွှဲပြောင်းခြင်းသွားရောက် ပြုလုပ်ပါက Bank Terminal Slip printer မှ Slip အပိုင်း ထုတ်ပေးမည် ဖြစ်ပါသည်။

ငွေလွှဲပြောင်းခြင်းပြီးဆုံးသွားပါက "View My Account" button ကိုနှိပ်ပြီး ရှေ့ဆုံး Screen သို့ ပြန်လည်ထွက်နိုင်ပါသည်။

eMoney Account နှင့် ES Account တို့၏ငွေလက်ကျန်များကို စစ်ဆေးနိုင်ပါသည်။ Account No. တစ်ခုခြင်းစီကို Click လုပ်ပြီးလျှင် ၄င်း Account ၏ နောက်ဆုံးပြုလုပ်ခဲ့သော Transaction 15 ကြောင်းကို ဖော်ပြပေးပါသည်။


eMoney Account ၏ နောက်ဆုံးပြုလုပ်ခဲ့သော Transaction 15 ကြောင်းကို ဖော်ပြပေးပါသည်။ ES Account သို့ လွှဲပြောင်းခဲ့သော Transaction ၏ Reference No. Link ကို Click လုပ် ၍ ချလံကို ပြန်လည်ထုတ်ယူနိုင်ပါသည်။

ES Account ၏ နောက်ဆုံးပြုလုပ်ခဲ့သော Transaction 15 ကြောင်းကို ဖော်ပြပေးပါသည်။ eMoney Account မှလွှဲပြောင်းခဲ့သော Transaction ၏ Reference No. Link ကို Click လုပ် ၍ ချလံကို ပြန်လည် ထုတ်ယူနိုင်ပါသည်။

## Account Statement (ငွေစာရင်း ရှင်းတမ်း)

eBank Online Terminal တွင် eMoney Account(OEM) ၏ငွေစာရင်း နှင့် ငွေစာရင်းပိုင်ရှင်သည် မြန်မာစီးပွားရေးဘဏ်၏ Agent တစ်ယောက်ဖြစ်ပါက eService Account(ES) ၏ငွေစာရင်းရှင်းတမ်းကိုသာလျှင်ထုတ်ပေးမည်ဖြစ်ပါသည်။ Online Account(OLA) ၏ငွေစာရင်းကိုမူ မိမိ၏ သက်ဆိုင်ရာဘဏ်ခွဲတွင်သာ ထုပ်ယူရပါမည်။

ငွေစာရင်းရှင်းတမ်းကို ထုတ်ယူလိုသည့် အခါ "A/C Statement" button ကို နှိပ်ပြီး ထုတ်ယူနိုင်ပါသည်။ ငွေစာရင်း ရှင်းတမ်းထုတ်ယူလိုသည့် eMoney Account သို့ မဟုတ် ES Account ကိုရွေးပါ။ မည့်သည့် နေ့ မှ မည်သည့် နေ့ အထိကို ရွေးပါ။ "OK" button ကို နှိပ်ပြီး View ကြည့်နိုင်ပါသည်။ ငွေစာရင်း ရှင်းတမ်းတွင် နေ့ စွဲ အလိုက် လွှဲပြောင်းခဲ့သည့် Transaction အဝင် အထွက် များကို ဖော်ပြပေးထားပါသည်။




| DATE | TRANSACTION DESCRIPTION | | DEBIT | CREDIT | BALANCE |
|---|---|---|---|---|---|
| 01/08/2012 | Opening Balance | | | | 2,419,730.36 |
| 01/08/2012 | TR Dr 0711208000DQ | Transfer For Online Payment @ Myanma Airways-GYA92010812QK1 | 43,860.00 | | 2,375,870.36 |
| 01/08/2012 | TR Dr 0711208000DR | Transfer For Online Payment @ Myanma Airways-GVX83010812FG3 | 43,860.00 | | 2,332,010.36 |
| 01/08/2012 | TR Dr 0711208000DS | Transfer For Online Payment @ Myanma Airways-QJT34010812JY5 | 142,596.00 | | 2,189,414.36 |
| 02/08/2012 | TR Dr 0711208000DT | Transfer For Online Payment @ Myanma Airways-CNY38020812JX6 | 87,720.00 | | 2,101,694.36 |
| 03/08/2012 | TR Dr 0711208000DU | Transfer For Online Payment @ Myanma Airways-TMM27030812MC8 | 112,200.00 | | 1,989,494.36 |
| 03/08/2012 | TR Dr 0711208000DV | Transfer For Online Payment @ Myanma Airways-XTR69030812LY10 | 66,300.00 | | 1,923,194.36 |
| 03/08/2012 | TR Dr 0711208000E0 | Transfer For Online Payment @ Myanma Airways-VMS65030812XF11 | 66,300.00 | | 1,856,894.36 |
| 03/08/2012 | TR Dr 0711208000E1 | Transfer For Online Payment @ Myanma Airways-CEA66030812AJ12 | 75,863.00 | | 1,781,031.36 |
| 04/08/2012 | TR Dr 0711208000E2 | Transfer For Online Payment @ Myanma Airways-GAS78040812YF14 | 94,860.00 | | 1,686,171.36 |
| 04/08/2012 | TR Dr 0711208000E3 | Transfer For Online Payment @ Myanma Airways-DKG35040812WY15 | 87,720.00 | | 1,598,451.36 |
| 04/08/2012 | TR Cr 01112080000E | Transfer From OLA To OEM (99999904OL000109 TO | | 10,000.00 | 1,608,451.36 |

Application မှထွက်လိုပါက "Sign Out " button ကိုနှိပ်ပြီး ထွက်နိုင်ပါသည်။ Sign Out ပြုလုပ်ပြီးပါက မိမိ၏ Online Smart Card ကို System Unit မှ ပြန်ယူသွားရန်အရေးကြီးပါသည်။

